သံသရာအပြီးတိုင် လွတ်မြောက်ခြင်သောလူသားသည်

လူသားတစ်ယောက်၏ သန္တာန်၌ ကုသိုလ်ကံများလည်းရှိ၏။ အကုသိုလ်ကံများလည်းရှိ၏။ ကုသိုလ်ကံက သုဂတိ အကျိုးကိုပေး မည်ဖြစ် ၏။ အကုသိုလ်ကံက ဒုဂ္ဂတိအကျိုးကိုပေးမည်ဖြစ်၏။ အကျိုးမပေးပါနှင့်ဟု ဟူ၍ ဆိုရန်မ တက်ကောင်း။
အစမထင် သံသရာ၌ ကျင်လည် ခဲ့သော လူသားတစ်ယောက်သည် သံသရာ၌ကျင်လည်ရင်း ကုသိုလ်ကံပေါင်းများစွာကိုလည်းလုပ်ခဲ့၏။ အကုသိုလ်ကံပေါင်းများစွာကို လည်းလုပ်ခဲ့၏။ ထို့ ကြောင့်ကမ္မနိယာမ
အတိုင်း မိမိပြုလုပ်ခဲ့သောကံများက မိမိကိုအကျိုးပေးမည်ဆိုလျှင် သံသရာ၌ မျောရပေဦးမည်။ မြုပ်ရပေဦးမည်။ မြုပ်လည်း မမြုပ်ချင်တော့သော၊ သံသရာအပြီးတိုင် လွတ်ချင်သောလူသားသည် ဘာလုပ်ရမည်နည်း...........

မိမိပြုလုပ်ခဲ့သဖြင့် မိမိ၏ ဘဝတစ်လျှောက်လုံး အရိပ်သဖွယ်လိုက်နေသော ကံများကိုဖျက်ဆီးရန်မှတပါးအခြားနည်း မရှိတော့ပေ။ အကယ်၍သာ ထိုကံများကို မဖျက်ဆီးနိုင်ပါက ထိုထိုကံများ၏ အကျိုးတရားသည် မလွဲမသွေလာပေ လိမ့်မည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်အရ ကံကိုဖြတ်မည်ဆိုပါလျှင် ဥပါဒါန်ကိုဖြတ်ရမည်။ ဥပါဒါန်ကိုဖြတ်မည်ဆိုလျှင် တဏှာကိုဖြတ်ရမည်။ တဏှာကို ဖြတ်မည်ဆိုလျှင် ဥပါဒါနက္ခန္ဓာတို့ ၏ ဖြစ်ပျက်ကို မျက်ဝါးထင်ထင်ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်ရမည်။ ထိုသို့ကြည့်ရင်း ကြည့်ရင်း ဥပါဒါနက္ခန္ဓာတို့ ၏ ဖြစ်ပျက်အဆုံး၌ ဖြစ်ပျက်ခြင်းမရှိသော နိဗ္ဗာန် ကိုမျက်မှောက်ပြုသော မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဖြစ်ပေါ် လာလိမ့်မည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များ သည် အဆင့်ဆင့်ဖြစ်ပေါ် လာလိမ့်မည်။ ထို့အခါ အနာဂတ် ပဋိသန္ဓေကျိုးကိုပေးမည့် ကံများအားလုံးပျက်စီးသွားလေပြီ။ ကံဟူသောသဘောမှ ကြိယာဟူသော သဘောသို့ရောက်သွားလေပြီ။ထိုသို့သောအဆင့်အတန်းရောက်ဖို့အတွက် သံသရာအပြီးတိုင်လွတ်ချင်သောလူသားသည်

သမ္မာဒိဋ္ဌိမဂ္ဂင်အနေဖြင့် ဖြစ်ပျက်ကိုမြင်နိုင်အောင် ကြည့်ရမည်။ စိတ်ဓာတ်မကျသွားအောင် သမ္မာဝါယာမမဂ္ဂင်ဖြင့်တွန်း အားပေးရသည်။ သမ္မာဝါယာမမဂ္ဂင်၏ ပဓာနအလုပ်မှာလေးမျိုးရှိသည်။ ယင်းလေးမျိုးကား.....

(၁) ဖြစ်ပြီးကုန်သော အကုသိုလ်တို့ကို ပယ်သတ်ရန် အားထုတ်ခြင်း၊
(၂) မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်ရန်အားထုတ်ခြင်း၊
(၃) မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်ရန် အားထုတ်ခြင်း၊
(၄) ဖြစ်ပြီးသော ကုသိုလ်တို့ကို အလွန်အမင်း ပွားများလာရန် အားထုတ်ခြင်း၊ တို့ဖြစ်ပေသည်။

သမ္မပ္ပဓာန်တရားလေးပါးဖြင့် သံသရာအပြီးတိုင်လွတ်မြောက်ကြပါစေ။

Posted by အရှင်နာယကာလင်္ကာရ